အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်နုရှ်ရဟ်(ဂျာဒူစုန်းပယောဂအား ဂျာဒူစုန်းပယောဂဖြင့်ဖြေပေးခြင်း)နှင့် ပတ်သက်၍

လျှောက်ထားမေးမြန်းခြင်းခံရသည့်အခါ ကိုယ်တော်က ဤသည်ရှိုင်သွာန်၏ လုပ်ရပ်ဖြစ်သည်ဟု

မိန့်ကြားတော်မူခဲ့သည်။

ဂျာဗိရ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည်
နုရှ်ရဟ်(ဂျာဒူစုန်းပယောဂအား ဂျာဒူစုန်းပယောဂဖြင့် ဖြေပေးခြင်း)နှင့် ပတ်သက်၍
လျှောက်ထားမေးမြန်းခြင်းခံရသည့်အခါ ကိုယ်တော်က ဤသည် ရှိုင်သွာန်၏
လုပ်ရပ်ဖြစ်သည်ဟု မိန့်ကြားတော်မူခဲ့သည်။
[ဤဟဒီးဆ်သည် ဆွဟီးဟ် အဆင့်ရှိသည်။] [အဗူဒါဝူဒ်ကျမ်း။ - အိမာမ် အဟ်မဒ် ဆင့်ပြန်ခဲ့သည်။]

တမန်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)သည် ဂျာဒူစုန်းပရောဂပြုစားခံရသူအားကုသရာတွင် ဂျာဟိလိယသ် အစ္စလာမ်မတိုင်မီခေတ်တွင် ပြုလုပ်သည့် နည်းလမ်းဖြစ်သည့်ဂျာဒူကို ဂျာဒူဖြင့်ဖြေပေးခြင်းကဲ့သို့သော နည်းလမ်းမျိုးနှင့်ပတ်သတ်၍ မည်သို့အမိန့်ဆုံးဖြတ်ချက်ရှိကြောင်း လျှောက်ထားမေးမြန်းခြင်းခံရသည်။ ထိုအခါကိုယ်တော်မြတ်(ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်)က ဖြေကြားတော်မူသည်မှာ ထိုသို့သောလုပ်ရပ်သည် ရှိုင်သွာန်၏လုပ်ရပ် သို့မဟုတ် ရှိုင်သွာန်၏အကြောင်းခံဖြင့် ပြုလုပ်သည့်လုပ်ရပ်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ဤလုပ်ရပ်သည် ဂျာဒူစုန်းပရောဂါ၏အမျိုးအစားများအနက်မှဖြစ်ပြီး ရှိုင်သွာန်၏အကူအညီကို ရယူရသည်။ ထို့ကြောင့်ဤလုပ်ရပ်သည် (ရှိရ်က်) ဖက်စပ်ယှဉ်တွဲမှုဖြစ်ပြီး တားမြစ်ထားသည်။ပြုပိုင်ခွင့်ရှိသည့် နုရှ်ရဟ်ဟူသည် ဂျာဒူအား မန်းမှုတ်ခြင်း သို့မဟုတ်ထိုပြုစားထားသည့်အရာကို ရှာဖွေဖော်ထုတ်ပြီး ၎င်းအရာအား ကျမ်းမြတ်ကုရ်အာန် ဖတ်ရွတ်၍လက်ဖြင့်ဖျက်စီးပစ်ခြင်း သို့မဟုတ် ခွင့်ပြုထားသည့် ဆေးဝါးတို့ဖြင့် ကုသပေးခြင်းတို့ဖြစ်သည်။

http://sunnah.global/hadeeth/my/show/3402